**ချင်းရေးရာဝန်ကြီးဌာန**

**အရပ်ရပ်စီရင်အုပ်ချုပ်မှုဌာနခွဲ(၁)**

**(၁၉၆၀ ပြည့်နှစ်၊ ချင်းဝိသေသတိုင်းဆေးဆရာဝန်များအသုံးပြုသော ဆေးထိုးပြွတ်နည်းဥပဒေများ)**

**အမှတ် ၆**

**ရန်ကုန်မြို့၊ ၁၃၂၂ ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ ရက်။**

**(၁၉၆၁ ခုနှစ် ဇန္နဝါရီလ ၁၀ ရက်။)**

Myanmar Law Information System (MLIS)

အမှတ် ၆။ ။ ၁၉၄၈ ခုနှစ်၊ချင်းဝိသေသတိုင်းအက်ဥပဒေပုဒ်မ ၃၈ (ခ) (၁) နှင့် ပုဒ်မ ၄၃ တို့ ဖြင့် အပ်နှင်းထားသောအာဏာများကိုသုံးစွဲလျက်၊ နိုင်ငံတော်သမတသည်၊ ဆေးဆရာဝန်များ အသုံးပြုသောဆေးထိုးပြွတ်မျိုးကို၊ ချင်းဝိသေသတိုင်းအတွင်း ကိုင်ဆောင်အသုံးပြုခြင်းကို နည်းလမ်းတကျဖြစ်စေရန်အလို့ငှါ၊ အောက်ပါနည်းဥပဒေများကို ပြုလုပ်လိုက်သည်။

၁။ ။ ဤနည်းဥပဒေများကို၊ **၁၉၆၀ ပြည့်နှစ်၊ ချင်းဝိသေသတိုင်းဆေးဆရာဝန်များအသုံးပြုသော ဆေးထိုးပြွတ်နည်းဥပဒေ**များဟုခေါ်တွင်စေရမည်။

၂။ ။ ဤနည်းဥပဒေများတွင် "ဆေးဆရာဝန်" ဆိုသည်မှာ-

(က) ၁၉၁၅ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာအက်ဥပဒေအရဖြစ်စေ၊ တည်ဆဲတရားဥပဒေတ ရပ်ရပ်အရဖြစ်စေ ဆရာဝန် မှတ်ပုံတင်စာရင်းတွင် ဆေးဆရာဝန်အဖြစ် မှတ်ပုံတင်နိုင်သည့် အရည်အ ချင်းနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကို၊ သို့တည်းမဟုတ်

(ခ) ၁၈၇၈ ခုနှစ်၊ သွားစိုက်ဆရာများ အက်ဥပဒေအရ၊ သွားစိုက်ဆရာအဖြစ် မှတ်ပုံတင်နိုင်သည့် အရည်အ ချင်းနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကို၊ သို့တည်းမဟုတ်

(ဂ) မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေပါကိစ္စများအလို့ငှါ၊ ယစ်မျိုးမင်းကြီးက ဆေးဆရာဝန်အဖြစ် လိုင် စင်ထုတ်ပေးထားသည့် ဆေးဆရာဝန်၊ သို့တည်းမဟုတ် သွားစိုက်ဆရာဆိုင်ရာ အလုပ်ကိုလုပ်ကိုင်နေ သော အခြားပုဂ္ဂိုလ်ကိုဆိုလိုသည်။

၃။ ။ ချင်းဝိသေသတိုင်းအတွင်း၌၊ နည်းဥပဒေ ၄၊ သို့တည်းမဟုတ် နည်းဥပဒေ ၅ အရ ထုတ်ပေးထား သောလိုင်စင်မရှိဘဲအောက်ပါပုဂ္ဂိုလ်များမှအပ၊ မည်သူမျှ ဆေးဆရာဝန်များအသုံးပြုသော ဆေးထိုးပြွတ် နှင့် ဆေးထိုးအပ်များကို ကိုင်ဆောင်ခြင်း၊ လက်ရှိထားခြင်း၊ အသုံးပြုခြင်း၊ သို့တည်းမဟုတ် ရောင်းချ ခြင်းမပြုလုပ်ရ။

(က) ဆေးဆရာဝန်များ။

(ခ) ဤကိစ္စအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကအသိအမှတ်ပြုသည့် လက်မှတ်ရတိရစ္ဆာန် ဆရာဝန်များ။

(ဂ) ဆေးဆရာဝန်တဦးဦး၏ဆေးညွှန်းအရ၊ ဆေးဆရာဝန်များအသုံးပြုသောဆေးထိုးပြွတ်ကိုင်ဆောင် ခွင့်ရှိသူများ။

(ဃ) ယစ်မျိုးမင်းကြီးကတိရစ္ဆာန်များကို ဆေးထိုးနိုင်ရန် အခွင့်အရေးပေးထားသည်ဟု ကျေညာချက် ထုတ်ပြန်ထားသည့်ပုဂ္ဂိုလ်များ။

(င) ယစ်မျိုးမင်းကြီးက လောကဓါတ်သိပ္ပံပညာ အရပ်ရပ်များအတွက် တိရစ္ဆာန်အသေကောင်များကို တာရှည်စွာထားနိုင်ရန် ဆေးထိုးခွင့်ပေးထားသည်ဟု ကျေညာချက် ထုတ်ပြန်ထားသည့် ပုဂ္ဂိုလ်များ။

၄။ ။ တိုင်းမင်းကြီးသည်၊ မိမိနှင့် အနည်းဆုံး ဆေးဆရာဝန် ၂ ဦးသင့်တော်သည်ဟု ထင်မြင်ယူဆသည့် ပုဂ္ဂိုလ်များအား ဇယား က တွင်ဖေါ်ပြထားသည့် ပုံစံအတိုင်း ဆေးဆရာဝန်များ အသုံးပြုသော ဆေးထိုး ပြွတ်နှင့်ဆေးထိုးအပ်ကိုင်ဆောင်ခွင့် ၊ လက်ရှိထားခွင့်၊ သို့တည်းမဟုတ် အသုံးပြုခွင့်လိုင်စင် ထုတ်ပေး နိုင်သည်။

၅။ ။ (၁) တိုင်းမင်းကြီးသည်၊ ဆေးဆရာဝန်များ အသုံးပြုသောဆေးထိုးပြွတ်နှင့် ဆေးထိုးအပ်များ ရောင်းချနိုင်ရန် လိုင်စင်ခတနှစ်၊ သို့တည်းမဟုတ် တနှစ်၏ အစိတ်အပိုင်းအတွက် ကျပ်နှစ်ဆယ်ကောက် ခံ၍ ဇယား ခ တွင်ပြဋ္ဌာန်းထားသည့်စည်းကမ်းချက်များဖြင့်ရောင်းချခွင့် လိုင်စင်ကိုထုတ်ပေးနိုင်သည်။

(၂) နည်းဥပဒေခွဲ (၁) အရ ထုတ်ပေးသည့် လိုင်စင်သည်၊ ဇန္နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့ (ထိုနှစ်ရက်စလုံးအပါအဝင်) အထိဖြစ်ရမည်။

၆။ ။ဆေးဆရာဝန်များအသုံးပြုသော ဆေးထိုးပြွတ်နှင့် ဆေးထိုးအပ်များရောင်းချခွင့် လိုင်စင်ရရန် လျှောက်လွှာကို သက်ဆိုင်ရာကော်လိတ္တော် အရာရှိထံသို့တင်သွင်းရမည်။ ထိုကော်လိတ္တော် အရာရှိသည်၊ ရရှိ သော လျှောက်လွှာများကိုမိမိ၏မှတ်ချက်များနှင့်တကွ တိုင်းမင်းကြီးထံသို့ ပေးပို့ရမည်။

၇။ ။ (၁) ကော်လိတ္တော်အရာရှိသည်၊ ဆေးဆရာဝန်များ အသုံးပြုသော ဆေးထိုးပြွတ်ကိုဖြစ်စေ၊ ဆေး ထိုးအပ်ကိုဖြစ်စေ လိုင်စင်မရှိဘဲ ကိုင်ဆောင်သူအား၊ သို့တည်းမဟုတ် လက်ရှိထားသူ အား၊ သို့တည်းမဟုတ် ရောင်းချသူအား၊ သို့တည်းမဟုတ် အသုံးပြုသူအား၊ ဖမ်းဆီးရန် သော်၎င်း၊ အဆိုပါဆေးထိုးပြွတ်၊ ဆေးထိုးအပ် ထားရှိသည်ဟု သင်္ကာမကင်းသည့်နေရာကို ရှာဖွေရန် သော်၎င်း ဝရမ်းထုတ်ပေးနိုင်သည်။

သို့ရာတွင် လူကိုဖမ်းဆီးရန် ထုတ်ပေးသည့် ဝရမ်းသည်၊ အာမခံနှင့် လွှတ်နိုင်သော ဝရမ်းဖြစ်စေရမည်။

(၂) နည်းဥပဒေခွဲ (၁) ပါ ကိစ္စများအလို့ငှါ၊ အာဏာ အပ်နှင်းခြင်းခံရသော ယစ်မျိုးအရာရှိသည်၊ ရာဇ ဝတ်ကျင့်ထုံးဥပဒေဖြင့်ရဲဌာနအုပ်အား အပ်နှင်းထားသည့် အာဏာများကို သုံးစွဲနိုင်စေရမည်။

(၃) အဆိုပါယစ်မျိုးအရာရှိသည်၊ ဤနည်းဥပဒေပါ ကိစ္စအလို့ငှါ၊ ချင်းရေးရာဝန်ကြီးက အမိန့် ကြော်ငြာစာဖြင့် သတ်မှတ်သည့် ဒေသန္တရနယ်တွင် မိမိ၏အာဏာများကိုသုံးစွဲရမည်။

၈။ ။ နည်းဥပဒေ ၇ ဖြင့် အာဏာအပ်နှင်းခြင်းခံရသော ယစ်မျိုးအရာရှိသည်၊ မိမိ၏အာဏာကို ဤနည်း ဥပဒေများပါ ပြဋ္ဌာန်းချက်နှင့်အညီ သုံးစွဲဆောင်ရွက်သည့်အခါတိုင်း ထိုသို့သုံးစွဲဆောင်ရွက် ပြီးသည့် နောက် နှစ်ဆယ့်လေးနာရီအတွင်း မိမိ၏ အထက်အရာရှိထံ ထိုဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ အကြောင်းချင်းရာ စုံလင်စွာပါရှိသောအစီရင်ခံစာ ကိုပေးပို့ရမည်။

၉။ ။ ရာဇဝတ်ကျင့်ထုံးပါ ဖမ်းဆီးခြင်း၊ သို့တည်းမဟုတ် ရှာဖွေခြင်းနှင့် စပ်ဆိုင်သည့် ပြဋ္ဌာန်းချက်များ သည်၊ ဤနည်းဥပဒေများအရ ဖမ်းဆီးခြင်း၊ သို့တည်းမဟုတ် ရှာဖွေခြင်းနှင့် သက်ဆိုင်နိုင်သမျှ သက် ဆိုင်စေရမည်။

(အခလွတ်)

Myanmar Law Information System (MLIS)

----- **Footnote** -----

[ပင်ရင်း- ၂၀၀၀ ပြည့်နှစ်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှထုတ်ဝေသော ၁၉၆၁ ခုနှစ် အက်ဥပဒေများနှင့် နည်းဥပဒေများစာအုပ်မှ ကူးယူတင်ပြသည်။]

----- **Attachment** -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ဇယား က [နည်းဥပဒေ ၄။] ဆေးထိုးပြွတ်၊ ဆေးထိုးအပ် ကိုင်ဆောင်ခွင့်လိုင်စင်

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ဇယား ခ [နည်းဥပဒေ ၅။] ဆေးထိုးပြွတ်နှင့်ဆေးထိုးအပ် ရောင်းချခွင့်လိုင်စင်

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 (၁၉၆၀ ပြည့်နှစ်၊ ချင်းဝိသေသတိုင်းဆေးဆရာဝန်များအသုံးပြုသော ဆေးထိုးပြွတ်နည်းဥပဒေများ) နောက်ဆက်တွဲဇယား

Myanmar Law Information System (MLIS)